ရက်စွဲ။ ။ ၂၆၊ ၀၂၊ ၂၀၂၁ ခုနှစ်

## “ဆေးနှင့် ဆေးနီးနွယ် ကျောင်းသားသမဂ္ဂများ ထုတ်ပြန်ကြေညာချက်”

ယနေ့ ၂၆-၀၂-၂၀၂၁ ရက်နေ့ ရန်ကုန်မြို့ လှည်းတန်းနှင့် မြေနီကုန်းတစ်ဝိုက်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသော ပြည်သူများအား အာဏာသိမ်းစစ်ကောင်စီ ရဲတပ်ဖွဲ့မှ အင်အားသုံးအကြမ်းဖက်ဖြိုခွင်းမှု ဖြစ်ပွားခဲ့ပြီး ပြည်သူအများအား ဖမ်းဆီးသွားကြောင်း သိရှိရသည်။

ဤဖမ်းဆီးမှုတွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသားတစ်ဦး ဖြစ်သော မောင်မင်းခန့်ကိုကိုသည် ဆန္ဒပြသူများအား ရေဘူးပေးဝေနေစဉ် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်း ခံခဲ့ရပြီး စမ်းချောင်းရဲစခန်း၌ ချုပ်ထားခံရလျက်ရှိသည်။ စမ်းချောင်းရဲစခန်းသို့သွား၍ မောင်မင်းခန့်ကိုကို ပြန်လည်လွှတ်မြောက်ရန်ကူညီဆောင်ရွက်ပေးကြသော ဆေးတက္ကသိုလ်(၂) ကျောင်းသားများကိုပါ စခန်းရှိရဲများက ဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြကြောင်း သိရသည်။

ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးကို လက်နက်အားကိုး၍ မတရားဖမ်းဆီးရုံသာမက ဝိုင်းဝန်းဖြေရှင်းပေးကြသော ကျောင်းသားများကိုပါ လိုက်လံဖမ်းဆီးနေမှုသည် မိမိတို့ ဆေးနှင့်ဆေးနီးနွယ် ကျောင်းသားထုတစ်ရပ်လုံးကို ထိပါးစော်ကားမှုပင်ဖြစ်ပြီး ဤဥပဒေမဲ့လုပ်ရပ်အား အပြင်းအထန် ကန့်ကွက်ရှုံ့ချသည်။

အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံရဲတပ်ဖွဲ့မှ ဖမ်းဆီးထားသော မောင်မင်းခန့်ကိုကိုနှင့် ရှောင်တိမ်းနေရသော ဆေးတက္ကသိုလ်(၂)ကျောင်းသားများအတွက် မိမိတို့ ဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ် ကျောင်းသားထုတစ်ရပ်လုံးမှ လိုအပ်သောအကူအညီပေးရန် အမြဲအသင့်ရှိနေမည်ဖြစ်ပြီး ဖမ်းဆီးထားသောသူများအား အမြန်ဆုံးလွှတ်ပေးရန် သတိပေးလိုက်သည်။

ဆေးတက္ကသိုလ်(၁)ကျောင်းသားသမဂ္ဂ
ဆေးတက္ကသိုလ်(၂)ကျောင်းသားသမဂ္ဂ
ဆေးတက္ကသိုလ်- မန္တလေးကျောင်းသားများသမဂ္ဂ
ဆေးတက္ကသိုလ် - မကွေး ကျောင်းသားများသမဂ္ဂ
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ကျောင်းသားများသမဂ္ဂ
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) ကျောင်းသားများသမဂ္ဂ
ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ကျောင်းသားများသမဂ္ဂ
ဆေးဝါးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
သူနာပြုတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ရန်ကုန်)
သူနာပြုတက္ကသိုလ် ကျောင်းသားများသမဂ္ဂ(မန္တလေး)
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
အခြေခံကျန်းမာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ကျောင်းသားများသမဂ္ဂ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ကျောင်းသားများသမဂ္ဂ
တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ